သာစည်မြို့နယ်

ငှက်မင်းကုန်း ကျေးရွာအုပ်စု၊ ငှက်မင်းကုန်း ကျေးရွာ

# ငှက်မင်းကုန်း ကျေးရွာ

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ငှက်မင်းကုန်း ကျေးရွာ၊ သာစည်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၉ခုနှစ်၊ ဩဂုတ်လ

မာတိကာ


မာတိကာ ၂

စကားချီး ၃

သာစည်မြို့နယ်၊ ငှက်မင်းကုန်း ကျေးရွာအုပ်စု၊ ငှက်မင်းကုန်းကျေးရွာ၏**သယံဇာတပြမြေပုံ** ၄

သာစည်မြို့နယ်၊ ငှက်မင်းကုန်း ကျေးရွာအုပ်စု၊ ငှက်မင်းကုန်းကျေးရွာ၏ **ရာသီခွင်ပြပြက္ခဒိန်** ၅

သာစည်မြို့နယ်၊ ငှက်မင်းကုန်း ကျေးရွာအုပ်စု၊ ငှက်မင်းကုန်း ကျေးရွာ၏ **ရွာတွင်း/ပြင်** ချိတ်ဆက်မှုပြပုံ ၆

၁။ ကျေးရွာ၏တည်နေရာ၊ပထဝီဝင်အနေအထား ၇

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ ၇

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ ၇

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး ၈

(ခ) မွေးမြူရေးလုပ်ငန်း ၁၀

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ ၁၀

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ ၁၁

၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး ၁၁

(ခ) ကျေးရွာမီးလင်းရေး ၁၂

(ဂ) သတင်းနှင့်ဆက်သွယ်ရေး ၁၂

၆။ ပညာရေး ၁၂

၇။ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၃

၈။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၁၃

၉။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ ၁၄

၁၀။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ ၁၄

စီမံချက်ဆိုင်ရာအချက်အလက်များ

- နောက်ဆက်တွဲ ၁ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၁၆
- နောက်ဆက်တွဲ ၂ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ(၄၈) ဇယား ၁၇
- နောက်ဆက်တွဲ ၃ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား ၆၂
- နောက်ဆက်တွဲ ၄ ဦးစားပေးစီမံချက်အဆိုပြုလွှာ ၆၆

# စကားချီး

ငှက်မင်းကုန်း ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၉ ခုနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ပထမဦးဆုံးသော လူထုကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် (၂၀၁၉-၂၀၂၃) (၅)နှစ်တာ ဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းစဉ်များနှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ် (AVIP)ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် ကျေးရွာသောက်သုံးရေ ရရှိရေး လုပ်ငန်းအား ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာနှင့် လုပ်ငန်းစဉ်များစသည်တို့အား အဖက်ဖက်မှ ကူညီပံ့ပိုးပေးပါသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကိုလည်းကောင်း၊ လိုအပ်သောအကူအညီများ၊ အကြံဉာဏ်များကို ပါဝင်ပံ့ပိုးပေးပါသော ကျေးရွာအုပ်ချုပ်ရေးမှူးအားလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်တော်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်းရေးဆွဲရေး အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်နှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော စီမံကိန်းကိုထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်မံဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှုပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်တော်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**
**ငှက်မင်းကုန်း ကျေးရွာ၊သာစည်မြို့နယ်**

## သာစည်မြို့နယ်၊ ငှက်မင်းကုန်း ကျေးရွာအုပ်စု၊ ငှက်မင်းကုန်း ကျေးရွာ၏သယံဇာတပြမြေပုံ



## သာစည်မြို့နယ်၊ ငှက်မင်းကုန်း ကျေးရွာအုပ်စု၊ ငှက်မင်းကုန်း ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်



## သာစည်မြို့နယ်၊ ငှက်မင်းကုန်း ကျေးရွာအုပ်စု၊ ငှက်မင်းကုန်း ကျေးရွာ၏ ကျေးရွာတွင်း/ ပြင် အဖွဲ့အစည်း ချိတ်ဆက်မှုပြပုံ



## ၁။ ကျေးရွာ၏တည်နေရာ၊ပထဝီအနေအထား

ငှက်မင်းကုန်းကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ ငှက်မင်းကုန်းကျေးရွာ အုပ်စုတွင် ပါဝင်သော ကျေးရွာတစ်ရွာ ဖြစ်ပါသည်။ သာစည်မြို့မှ အရှေ့ဘက် (၃) မိုင် (၁) ဖာလုံခန့်အကွာ၊ မိတ္ထီလာ – တောင်ကြီး ပြည်ထောင်စု ကားလမ်းမကြီးဘေးတွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် လယ်ယာမြေများ ဝန်းရံထားပြီး အရှေ့ဘက် (၁) မိုင် (၁) ဖာလုံခန့်တွင် ပုန်းမဲဇာကုန်းကျေးရွာ၊ တောင်ဘက် (၁) မိုင်ခန့်တွင် သမင်ဇာကုန်းကျေးရွာ၊ မြောက်ဘက် (၁) မိုင် (၂) ဖာလုံခန့်တွင် မြေစိုကျေးရွာ၊ အနောက်ဘက် (၁) မိုင်ခန့်တွင် ရွာမွန်သာ ကျေးရွာနှင့် အနောက်မြောက်တွင် အုပ်စုကျေးရွာဖြစ်သော သမန်းကျားကျေးရွာတို့ ဝန်းရလျက်ရှိပါသည်။

ကျေးရွာသည် စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သော မြေပြန့်ဒေသဖြစ်ပါသည်။

## ၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ငှက်မင်းကုန်းကျေးရွာသည် အပူပိုင်းမိုးနည်းဒေသဖြစ်ပါသည်။ စိုက်ပျိုးရေး လုပ်ကိုင်သည့် အိမ်ထောင်စုတိုင်း လယ်မြေ၊ ယာမြေများ ပိုင်ဆိုင်၍ ကိုယ်ပိုင် လုပ်ကိုင်ကြပါသည်။ ယာမြေထက် လယ်မြေကေ ပိုများပါသည်။ လယ်မြေများမှာ သဘာဝမြေသြဇာအသုံးပြုမှုနည်းသည့်အတွက် မြေဆီလွှာ အရည်အသွေးအသင့်အတင့်ကောင်းမွန်ပါသည်။

ငှက်မင်းကုန်းကျေးရွာအနီးတစ်ဝိုက်တွင် ဓါတ်သတ္တုတွင်းထွက်ပစ္စည်းများ ထွက်ရှိမှု မရှိပါ။ အပူပိုင်းမိုးနည်းဒေသဖြစ်၍ အရိပ်ရ အပင်များ ဖြစ်သော မန်ကျည်း၊ ကုက္ကို၊ ထနောင်း၊ တမာ၊ ဆူးဖြူ၊ ကန္တာရဆူးပင်များ ပေါက်ရောက်ပါသည်။ သဘာဝတိရစ္ဆာန်များအနေဖြင့် စာကလေး၊ ကျီးကန်း၊ ဆက်ရက်၊ ခို စသည့် ငှက်အမျိုးမျိုးနှင့် ဖျိုင်း၊ တောက်တဲ့၊ မြွေစသည်တို့အားတွေ့ရှိရပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် အိမ်ခြေ (၁၀၉) အိမ်၊ အိမ်ထောင်စု (၁၁၈)စု၊ လူဦးရေ ကျား (၂၄၄) ဦး နှင့် မ (၂၈၅) ဦး စုစုပေါင်း (၅၂၉) ဦး ရှိပါသည်။ ကျေးရွာတွင် တစ်အိမ်ထောင်ပျမ်းမျှ လူဦးရေ အနေဖြင့် (၄.၈) ဦး တွေ့ရှိရပြီး မြန်မာနိုင်ငံတစ်အိမ်ထောင်ပျမ်းမျှလူဦးရေစံနှုန်း (၅) ဦး အောက်လျော့နည်းပါသည်။ ကျေးရွာတွင် နို့စို့အရွယ် ၁.၃%၊ ၅နှစ်အောက် ကလေးငယ် ၄.၉%၊ မူလတန်းကျောင်းသား အရွယ် ၈.၈%၊ အလယ်တန်းကျောင်းသားအရွယ် ၅.၆%၊ အထက်တန်း ကျောင်းသားအရွယ် ၇၆.၃%၊ အလုပ်လုပ်နိုင်သည့် အရွယ် ၇၆.၃% သက်ကြီးရွယ်ကြီး၂.၈% ရှိပါသည်။ သက်ကြီးရွယ်ကြီးသည် ကျေးရွာလူဦးရေ၏ ၂.၈% သာရှိသည်ကို တွေ့ရ၍ အသက်ရှည်စွာ နေထိုင်ရသူ နည်းပါးပါသည်။

ငှက်မင်းကုန်း ကျေးရွာတွင် ကျေးရွာလူထုအခြေပြုအဖွဲ့ ၂ ဖွဲ့ ရှိပါသည်။ ကျေးရွာလူမှုရေးအသင်းနှင့် ဓမ္မစကြာအသင်း တို့ဖြစ်ပါသည်။ ကျေးရွာ လူမှုရေးအသင်းတွင် ကျေးရွာ၏ လူငယ်ကျား/ မ ပေါင်းစုံ စုစည်းဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။ ဓမ္မစကြာ အဖွဲ့တွင် ကျေးရွာ၏ အမျိုးသမီးများသာ ပါဝင်ပါသည်။ အဖွဲ့ (၂) ဖွဲ့လုံး စည်းလုံးပြီး လုပ်ငန်းဆောင်ရွက်မှု ကောင်းပါသည်။ ကျေးရွာ၏ သာရေးနာရေး၊ လူမှုကူညီရေးများကို ဆောင်ရွက်ပါသည်။

ငှက်မင်းကုန်းကျေးရွာ၏ ဥစ္စာဓနအဆင့်ကို ဆန်းစစ်ရာ အဆင်ပြေသော အိမ်ထောင်စု ၁၃.၇%၊ အလယ်အလတ်ရှိသောအိမ်ထောင်စု ၅၁.၃%၊ မပြေလည်သောအိမ်ထောင်စု ၂၅.၆%နှင့် အလွန်မပြေလည်သော အိမ်ထောင်စု ၉.၁% ရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းနှင့် အုတ်တင်အုတ်ချ လုပ်ငန်းအားတွဲဖက်လုပ်ကိုင်ကြသောကြောင့် စီပွားရေးအသင့်အတင့် အဆင်ပြေကြပြီး ဆင်းရဲ ချမ်းသာမျှတပါသည်။

အိမ်ထောင်စု အဆင့် (၃) နှင့် (၄) ၏ ၃၀% ကို စစ်တမ်းကောက်ယူရာ ဝမ်းစာဖူလုံမှုအတွက် လုပ်အားခ ကြိုယူခြင်းနှင့် သီးနှံအစားထိုးပေးခြင်းဖြင့် ဖြေရှင်းကြပါသည်။ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု၊ မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စုများ မရှိပါ။

ကျေးရွာရှိ လူငယ်အချို့သည် ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေများအတွက် တာချီလိတ်မြို့သို့ လည်းကောင်း၊ လာအိုနိုင်ငံသို့ လည်းကောင်း သွားရောက် လုပ်ကိုင်ကြပါသည်။ ပြည်တွင်း ရွှေ့ပြောင်းလုပ်ကိုင်သူ ကျား (၁၈) ဦး၊ မ (၈) ဦး၊ ပြည်ပ ရွှေ့ပြောင်းလုပ်ကိုင်သူ ကျား (၁၇) ဦး၊ မ (၁၀) ဦးနှင့် စုစုပေါင်း ပြည်တွင်း/ ပ ရွှေ့ပြောင်းလုပ်ကိုင်သူ (၄၂) ဦးနှင့် အိမ်ထောင်စု (၂၄) စု ရှိပါသည်။ ပြည်တွင်း/ ပြည်ပ ရွှေ့ပြောင်းလုပ်ကိုင်သူများတွင်ကျား/ မ (၂) ဦး လုံး သွားရောက်လုပ်ကိုင်သည်ကို တွေ့ရပြီး တစ်အိမ်ထောင်လျှင် (၁) ဦးမှ (၂) ဦးထိ သွားရောက်ကြပါသည်။ ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စုမှာ ၁၄ စုခန့်ရှိပြီး ကျန် ၁၀ စုမှာ မမှီခိုပါ။ မှီခိုခြင်းဆိုရာ၌ ပြည်ပနိုင်ငံသို့ သွားရောက် ရန် ကုန်ကျငွေ ကာမိရန် ဖြစ်ပါသည်။

## ၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

- ငှက်မင်းကုန်းကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းနှင့် အုတ်တင်အုတ်ချ ပန်းရံလက်သမားလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြပါသည်။ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကို စိုက်ပျိုးမြေ ပိုင်ဆိုင်သော အိမ်ထောင်စု ၅၀.၄ % ခန့်မှ လုပ်ကိုင်ကြပါသည်။ လယ်မြေ (၃၂၃.၂၅) ဧက၊

ယာမြေ (၁၇၉) ဧက စုစုပေါင်း စိုက်ပျိုးမြေ (၅၀၂.၂၅) ဧက စိုက်ပျိုးကြပါသည်။ မြေယာပိုင်ဆိုင်မှု အနေဖြင့် တောင်သူငယ် ၂၉ ဦး၊ တောင်သူလတ် ၂၆ ဦး ရှိပါသည်။

စိုက်ပျိုးမြေများသည် မင်းလှကန်ရေသောက် ဧရိယာတွင်းပါဝင်ပြီး ကျေးရွာ၏ အနောက်ဘက် ရွာမွန်သာ ကျေးရွာ အရှေ့တောင် ယွန်းယွန်းတွင် ငှက်မင်းကုန်းကန်ဆည်ရှိပါသည်။ ၎င်းဆည်သည် မိုးရာသီတွင် မင်းလှကန်ရေနှင့် ကုန်းစီးရေများ စုပေါင်းဝင်ရောက်လာမှုကြောင့် ဆည်တာဘောင်မှာ နှစ်စဉ်ကျိုးပေါက်မှုများ ဖြစ်ပေါ်သဖြင့် စိုက်ပျိုးရေအတွက် လုံလောက်မှု မရှိပါ။ ဆည်နှင့် ကျေးရွာသည် (၁) မိုင်ခန့် ကွာဝေးပြီး ကျေးရွာတွင်းရှိ ရေကန်သို့ စီးဝင်၍ စိုက်ပျိုးမြေများသို့ ရေသွင်းမြောင်းများမှတဆင့် ရယူသုံးစွဲကြပါသည်။

ကျေးရွာတွင် လယ်မြေပိုများ၍ စပါး၊ ကုလားပဲနှင့် မိုးဦးနှမ်းတို့ကို အဓိကထား စိုက်ပျိုးကြပါသည်။ စပါး၊ ကုလားပဲ၊ ငရုတ်၊ ဝါ၊ နှမ်း၊ နေကြာ ကို စိုက်ပျိုးကြပါသည်။ စပါးစိုက်ဧက (၃၂၃.၂၅) ဧက၊ ကုလားပဲ (၂၀၀) ဧက၊ ငရုတ် (၁၈၀) ဧက၊ ဝါ (၁၀၀) ဧက၊ နှမ်း (၃၀၀) ဧကနှင့် နေကြာ (၂၀၀) ဧက ခန့် စိုက်ပျိုးကြပါသည်။ စပါး၊ ငရုတ်နှင့် နှမ်းတို့မှာ အမြတ်များများရရှိသော သီးနှံများ ဖြစ်ပါသည်။ သီးနှံများ အထွက်နှုန်းတိုးစေရန်နှင့် သီးနှံပေါ်ချိန် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်မှသာ အမြတ်များများ ရရှိနိုင်ပါမည်။

ကျေးရွာတွင် တစ်ဦးချင်းပိုင် လက်တွန်းထွန်စက် ၅ ခု၊ ခြွေလှေ့စက် (၁) ခု ရှိပြီး လက်တွန်း ထွန်စက်ကို ကျန်တောင်သူ (၅၀) ဦးခန့်မှ ငှားရမ်းသုံးစွဲကြပါသည်။ မိရိုးဖလာအတိုင်း ခိုင်းနွား အသုံးပြု၍ ထွန်ယက် စိုက်ပျိုးသူများလည်း ရှိပါသည်။

သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်း အချို့ရှိပါသည်။ ရာသီဥတုမမှန်သော်လည်း အသင့်အတင့် ကောင်းမွန်ပါသည်။ လယ်မြေများသည် သာစည် မင်းလှကန်ရေအား အဓိကထား မှီခို စိုက်ပျိုးလုပ်ကိုင်သော ဆည်ရေသောက်ဧကများဖြစ်ပြီး မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ စိုက်ပျိုးရေး ချေးငွေရယူ ကြပါသည်။ ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေသြဇာနှင့် ဓါတုဗေဒ သွင်းအားစုများ ဝယ်ယူနိုင်သည်။ သဘာဝ မြေဆွေး မြေသြဇာကိုလည်း အသုံးပြုကြပါသည်။

သီးနှံအမြတ်များစေရန် ရင်ဆိုင်ရသည့် အခက်အခဲများမှာ သီးနှံပေါ်ချိန်တွင် သီးနှံများကို လွယ်ကူစွာ ရောင်းချနိုင်သော်လည်း ဈေးနှုန်းမမှန်ကန်ပါ။ သီးနှံဖျက်ပိုးနှင့် ရောဂါပိုးများ အသင့်အတင့်ကျရောက်ပါသည်။ ရေမြေရာသီဥတုမှာ မမှန်၍ ရံဖန်ရံခါ မိုးခေါင်တတ်ပါသည်။ စိုက်ပျိုးရေ လုံလောက်စွာ မရရှိပါ။ မျိုးကောင်းမျိုးသန့်မျိုးစေ့များ လွယ်ကူစွာ မရရှိနိုင်ပါ။ အခြား ဝင်ငွေရလုပ်ငန်းဖြစ်သော အုတ်တင်အုတ်အလုပ်ကို နေ့စဉ်ဆောင်ရွက်ကြသောကြောင့် လုပ်သား ရှားပါး

သည်။ ယာမြေများမှာ မြေဆီလွှာ အရည်အသွေးမကောင်းပါ။ တောင်သူများအနေဖြင့် မိုးခေါင်ခြင်း၊ ဆည်ရေပေးဝေမှု နည်းခြင်း၊ ဆည်တာဘောင်ကျိုးခြင်းများ ဖြစ်ပေါ်ပါက စိုက်ပျိုးရေ မလုံလောက်၍ သီးနှံဖြစ်ထွန်းမှုနည်းပြီး ဝင်ငွေ ထိခိုက်ပါသည်။

၄။ (ခ) မွေးမြူရေးလုပ်ငန်း

လယ်ယာစိုက်ပျိုးရေး လုပ်ငန်းခွင်တွင် အသုံးပြုရန် နွားနှင့် နို့စားနွားကို မွေးမြူကြပါသည်။ တစ်အိမ်ထောင်လျှင် နွားကို (၁) ကောင်မှ (၃) ကောင်ထိ မွေးမြူကြပြီး (၅) ကောင် (၆) ကောင်ထိ မွေးမြူသော အိမ်ထောင်စုများလည်း ရှိပါသည်။ ကြက်နှင့်ဝက်ကို တစ်ပိုင်တစ်နိုင်သာ မွေးမြူကြပါသည်။ တစ်အိမ်ထောင်လျှင် ကြက်(၁) အုပ် (၂) အုပ်မှသည် (၄)အုပ် (၅) အုပ်ထိ ရှိပါသည်။ ငါး၊ ပုဇွန် မွေးမြူရေး မရှိပါ။

မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန် စားကျက်မြေ အသင့်အတင့် ရှိပါသည်။ ရေ၊ မျိုးကောင်း၊ မျိုးသန့်၊ သွင်းအားစုများအား လက်လှမ်းမီပါသည်။ မွေးမြူရေး ဈေးငွေသီးသန့်မရှိသော်လည်း သမဈေးငွေ ကဲ့သို့ ဈေးငွေလက်လှမ်းမီပါသည်။ မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှုနှင့် နည်းပညာပံ့ပိုးမှုများ မရှိပါ။ မွေးမြူရေးကို စီးပွားဖြစ်မဟုတ်ဘဲ တစ်ပိုင်တစ်နိုင်သာ လုပ်ကိုင်ကြပါသည်။

၄။ (ဂ) စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် အုတ်တင်အုတ်ချ အုတ်သယ်ပို့ခြင်းလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ ထုတ်ကုန်လုပ်ငန်းမဟုတ်ပါ။ သာစည်မြို့နယ်၊ ဇဝင်း၊ မြိုင်သာ ကျေးရွာတို့မှ ထွက်ရှိသော သာစည်မြို့နှင့် အနီးတဝိုက်ကျေးရွာ၊ မြို့များရှိ ဆောက်လုပ်ရေး လုပ်ငန်းခွင် များသို့ အုတ်ကားဖြင့် သယ်ယူပို့ဆောင်ခြင်းဖြစ်ပါသည်။ နေ့စားခဖြင့် ဆောင်ရွက်သော လုပ်ငန်းဖြစ်ပြီး လုပ်သားတစ်ဦးလျှင် တစ်ရက် ငွေကျပ် (၆၀၀၀/-) မှ (၈၀၀၀/-) အထိ ရရှိပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း၊ လုပ်သားရရှိနိုင်ခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်း ရရှိခြင်းသည် လုပ်ငန်း၏ အခွင့် အလမ်းများ ဖြစ်ပါသည်။ ဈေးငွေ သီးသန့် မရှိသော်လည်း သမဝါယမ ဈေးယူရယူနိုင်ပါသည်။ အသက် မွေးဝမ်းကျောင်း နည်းပညာဆိုင်ရာနှင့် အသေးစား/ အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ မရပါ။ ဝန်ဆောင်မှုများ ရနိုင်လျှင် အလုပ်အကိုင် အခွင့်အလမ်းများ ပိုတွင်ကျယ်လာ နိုင်ပါသည်။

## ၄။ (ဃ) ဘဏ်လုပ်ငန်းနှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမချေးငွေ ရယူသူများရှိပါသည်။ လယ်ယာမြေ ပိုင်ဆိုင်သော တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှချေးယူကြပြီး ချေးယူသည့်တောင်သူ (၉၈%) ခန့် ရှိပါသည်။ သမဝါယမချေးငွေယူသူအိမ်ထောင်စု (၁၂၀) ဦးခန့်သာ ရှိပါသည်။ နေ့စား၊ အလုပ်သမားများအနေဖြင့် ကျန်းမာရေး၊ ပညာရေးတို့အတွက် ဆွေမျိုးနှင့် ငွေတိုးပေးသူထံမှ ချေးယူကြသည်လည်း ရှိပါသည်။ အတိုးနှုန်းမှာ ၅% မှ ၁၀% ထိ ဖြစ်ပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

### (က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ငှက်မင်းကုန်း ကျေးရွာတွင်းရှိ လမ်းများသည် ကျောက်ခင်းလမ်းများ ဖြစ်သည့်အတွက် မိုးတွင်းကာလများတွင် သွားလာရန် အသင့်အတင့် ကောင်းမွန်ပါသည်။ ကျေးရွာတွင်းလမ်းများ ရေရှည်တည်တံ့ရန် ရေဆိုးထုတ်မြောင်းများ စနစ်တကျ တူးဖော်ရန် လိုအပ်ပါသည်။ ကျေးရွာချင်းဆက်လမ်းများမှာ ရွာ၏ အရှေ့ဘက် (၁) မိုင်ခန့်တွင် ပုန်းမဲဇာကုန်းကျေးရွာသို့ မိတ္ထီလာ-တောင်ကြီးပြည်ထောင်စုလမ်းမကြီး အတိုင်းလည်းကောင်း၊ တောင်ဘက်တွင် ငှက်မင်းကုန်း-သမင်ဇာကုန်း-ကန့်ဖြူ ကျောက်ချောလမ်းနှင့် အနောက်ဘက်တွင် ရွာမွန်သာ ကျေးရွာသို့ ပြည်ထောင်စု လမ်းမကြီးအတိုင်း လည်းကောင်း သွားလာ၍ ရပါသည်။

ကျေးရွာတွင်း ရွာအဝင် လမ်းမပေါ်ရှိ ရေပြွန်များမှာ အုတ်ကား အဝင်/ အထွက်များခြင်းကြောင့် ပျက်စီး၍ ကွန်ကရစ်တံတား ပြန်လည် တည်ဆောက်ရန် လိုအပ်ပါသည်။ ဘုန်းကြီးကျောင်းအဝင်လမ်းတွင် ဘုန်းကြီးကျောင်းကန်မှ လယ်မြေများသို့ ရေသွင်းသော ရေသွင်းမြောင်းများရှိခြင်းကြောင့် တံတားတစ်စင်း သက်ကြီးရွယ်ကြီးများ ဥပုသ်သီလဆောက်တည်ရန် ဘုရားသွား၊ ကျောင်းတက် သွားရန်နှင့် ရဟန်းသံဃာများ သွားလာရန် ခက်ခဲသောကြောင့် တံတားတစ်စင်း တည်ဆောက်ရန် လိုအပ်ပါသည်။

သယ်ယူပို့ဆောင်ရေးအတွက် မော်တော်ဆိုင်ကယ်ကို အသုံးများပါသည်။ စက်ဘီး ကို ကျောင်းသား/ သူများမှ သုံးစွဲကြပြီး နွားလှည်းကို လယ်ယာလုပ်ငန်းခွင်တွင် အသုံးပြုကြပါသည်။ စက်ဘီး (၅၂) စီး၊ မော်တော်ဆိုင်ကယ် (၇၆) စီး၊ သုံးဘီးဆိုင်ကယ် (၁) စီးနှင့် နွားလှည်း (၁၈) စီး ရှိပါသည်။

ငှက်မင်းကုန်း ကျေးရွာနှင့် (၃) မိုင်ခန့်အကွာတွင် သာစည်မြို့ဈေးရှိပါသည်။ ကုန်စည်နှင့် ဝန်ဆောင်မှုများအတွက် ဈေးကွက်လက်လှမ်းမှီပါသည်။

### ၅။ (ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် ဆိုလာမီးကို အသုံးပြုကြပါသည်။ မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးရရှိရေး အတွက် ကြိုးစားလျက်ရှိပါသည်။ ကျေးရွာမီးလင်းရေးကော်မတီမှ ဦးဆောင်၍ ရွာတွင်းလိုင်း ကိုယ်ထူ ကိုယ်ထ ဆွဲခြင်း ပြီးစီး၍ အိမ်ခြေအလိုက် အိမ်များတွင် မီးကြိုးသွယ်တန်းပြီး ဖြစ်ပါသည်။ ထရမ်စဖော်မာနှင့် မီတာများ အမြန်ဆုံးချထားနိုင်ရေး ဆောင်ရွက်ရန် လိုအပ်ပါသည်။

### ၅။ (ဂ) သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာတွင် မိုဘိုင်းတယ်လီဖုန်းလိုင်းများ၊ ရေဒီယိုလိုင်း၊ ရုပ်မြင်သံကြားလိုင်း၊ ဂြိုလ်တုစလောင်းလိုင်းများအား ဖမ်းယူရရှိပါသည်။ အင်တာနက်လိုင်းလည်း ရရှိ၍ ဆိုရှယ်မီဒီယာမှ လည်း သတင်းအချက်အလက်များ ရယူပါသည်။ အိမ်ထောင်စုတိုင်း မိုဘိုင်းဖုန်းအသုံးပြုနိုင်ကြပြီး ဖုန်း ပိုင်ဆိုင်မှု အနေဖြင့် (၁၇၃) ခုရှိပါသည်။ ဖျော်ဖြေရေးနှင့် သတင်းအချက်အလက်အချို့ကို ရေဒီယို နားထောင်ခြင်းနှင့် အခမဲ့ရုပ်သံလိုင်းများ၊ ဂြိုလ်တုစလောင်း ဖမ်းယူ ကြည့်ခြင်းဖြင့် အနားယူကြပါ သည်။ ရေဒီယို (၅၀) ခု၊တီဗွီ (၂၆) ခု၊ စလောင်း (၃) ခုရှိပါသည်။ ကျေးရွာတွင် ဘေးကင်းလုံခြုံရေး ဝန်ဆောင်မှု အထောက်အကူများမရှိပါ။ သတင်းအချက်အလက်ဖြန့်ဝေခြင်းဆိုင်ရာ မိုဘိုင်းဖုန်းလိုင်း များ၊ အင်တာနက်လိုင်း၊ ရုပ်မြင်သံကြားလိုင်း၊ ရေဒီယိုလိုင်းများ ဖမ်းယူအသုံး၍ ရပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု၊ ခိုးမှု၊ မူးယစ်ဆေးသုံးစွဲမှု၊ အကြမ်းဖက်မှုများ မရှိပါ။

### ၆။ ပညာရေး

ကျေးရွာတွင် ကျောင်းနေအရွယ် လူဦးရေ၏ စာတတ်မြောက်မှုနှုန်းကို ဆန်းစစ်ရာ မူလတန်းအဆင့် ၄၁.၃%၊ အလယ်တန်းအဆင့် ၂၂.၃%၊ အထက်တန်းအဆင့် ၂၆%၊ တက္ကသိုလ်/ ကောလိပ် အဆင့်ရှိသူ ၈% ရှိပါသည်။ ရှေးယခင်က ပညာရေးကို အားမပေး၊ အလေးထားမှု နည်းပါးသောကြောင့် ပညာတတ် နည်းပါးရခြင်း ဖြစ်ပါသည်။ ယခုအခါတွင် စာမတတ်သူ ပပျောက်ရေးအစီအစဉ်များဖြင့် ကျေးရွာများသို့ ကွင်းဆင်းသင်ကြားပေးမှုကြောင့် စာမတတ်သူ မရှိပါ။

ကျောင်းတတ်နှုန်း အနေဖြင့် မူလတန်းတွင် (၄၈) ဦး၊ အလယ်တန်းတွင် (၂၇) ဦး၊ အထက်တန်းတွင် (၃၂) ဦး၊ တက္ကသိုလ်/ ကောလိပ်အဆင့်တွင် (၁၂) ဦး ရှိပါသည်။

ကျေးရွာတွင် အခြေခံပညာ မူလတန်းကျောင်းရှိပါသည်။ ကျောင်းတွင် ကျောင်းဆောင် (၂) ဆောင်ရှိပါသည်။ ကျောင်းဆောင်ဟောင်းမှာ အလျား ၆၀ ပေ၊ အနံ ၁၄ ပေ၊ အမြင့် ၁၂ ပေ ရှိပြီး ကျောင်းဆောင်သစ်မှာ အလျား ၆၀ ပေ၊ အနံ ၃၀ ပေ၊ အမြင့် ၁၂ ပေ ကျယ်ဝန်းပါသည်။ ကျောင်းဆရာ/

မနှင့် ကျောင်းသုံးပရိဘောဂများ လုံလောက်ပါသည်။ မိဘဆရာအသင်းမှာ ကျောင်းပညာရေးနှင့် ဖွံ့ဖြိုးရေးများတွင် ပါဝင်ပါသည်။ ကျေးရွာတွင် အခြေခံပညာ မူလတန်းကျောင်းရှိသောကြောင့် မူလတန်းကျောင်းထွက်နှုန်း မရှိပါ။ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရပါသည်။ မိသားစု စားဝတ်နေရေး အခက်အခဲကြောင့် အလယ်တန်းနှင့် အထက်တန်း ကျောင်းထွက်နှုန်း အနည်းငယ်သာ ရှိပါသည်။ အလယ်တန်းနှင့် အထက်တန်းကို သာစည်မြို့ အ.ထ.က (၂) တွင် တက်ရောက်ကြပါသည်။

ကျေးရွာလူငယ်များ၏ အခန်းကဏ္ဍမှာ ပူးပေါင်းပါဝင်ဆောင်ရွက်မှု အားကောင်းပါသည်။ လူငယ်များအတွက် စာကြည့်တိုက်၊ ပျော်ပွဲရွှင်ပွဲ၊ အနားယူ အပန်းဖြေရန်နေရာများ မရှိပါ။ အားကစား အနေဖြင့် ဘောလုံးကန်ခြင်းကိုသာ လုပ်ငန်းခွင် သိမ်းချိန်တွင် ကစားကြပါသည်။ အားကစားနှင့် ကာယ လေ့ကျင့်ခန်း ပြုလုပ်ရန်နေရာ မရှိပါ။

## ၇။ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနမရှိပါ။ ကျေးရွာမှ (၂) မိုင်ခန့် အကွာတွင် သမင်ဇာကုန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာန ရှိပါသည်။ သာမန်ဖျားနာ လူနာများ၊ ကိုယ်ဝန် ဆောင်မိခင်များအတွက် ကျန်းမာရေး ကုသရန် လက်လှမ်းမီပါသည်။ ကျေးရွာတွင် ရာသီအလိုက် ဖြစ်ပွားတတ်သော ဝမ်းပျက်ဝမ်းလျှောနှင့် သွေးလွန်တုပ်ကွေးရောဂါများကို မိုးရာသီတွင် ကလေးများ၌ အနည်းငယ်ဖြစ်ပွား တတ်ပါသည်။ သွေးတိုးရောဂါများမှာ သက်ကြီးရွယ်အိုအချို့တွင် ဖြစ်ပွားပါသည်။ ကျေးလက်ကျန်းမာရေးဌာနခွဲမှ ဆရာမများကျေးရွာသို့ လာရောက်၍ ကာကွယ်ဆေးများ ပုံမှန်ထိုးနှံပေး ပါသည်။ အရေးပေါ်လူနာများအတွက် သာစည်မြို့နယ်ဆေးရုံသို့ သွားရောက်ကုသရပါသည်။

ကျေးရွာတွင် ကိုယ်ပိုင် အဝီစိတွင်း စက်တပ်တွင်းများ ၂၃ တွင်း၊ ကျေးရွာပိုင် တုံကင် တွင်း ၁ တွင်းနှင့် လက်ငင်ရေတွင်း ၁ တွင်းတို့ရှိပါသည်။ ရေငန်တွင်းများ ဖြစ်သောကြောင့် သောက်သုံး ရေ ခက်ခဲပါသည်။ ရေချိုကို ကျေးရွာ အရှေ့ဘက် တွင်းမှခပ်ယူသုံးစွဲကြပါသည်။ သောက်သုံးရေ အခက်အခဲရှိပါသည်။

ကျေးရွာအိမ်ထောင်စုအားလုံး ယင်လုံအိမ်သာကို သုံးစွဲကြပါသည်။ ကျေးရွာမှ စွန့်ပစ် အမှိုက်များကိုရွာနှင့် (၁) ဖာလုံခန့် အကွာအနောက်ဘက်တွင် စွန့်ပစ်အမှိုက်စွန့်ပစ်ရန်နေရာ သတ်မှတ် ပြီး ကိုယ်ထူကိုယ်ထ စွန့်ပစ်ဖျက်ဆီးကြပါသည်။ စနစ်တကျမဖြစ်သည့်အတွက် မီးဘေးအန္တရာယ် အနည်းငယ် စိုးရိမ်ရပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

လယ်ယာစိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြပြီး သဘာဝဓါတ်မြေဩဇာထက် ဓါတုဓါတ်မြေဩဇာကိုအသုံးများသောကြောင့် မြေဆီဩဇာပျက်ဆီးမှု အနည်းငယ်ရှိပါသည်။ ဖျက်ပိုး

များ ကျရောက်လေ့ရှိပြီး နည်းပညာဗဟုသုတ နည်းပါးသောကြောင့် ထိထိရောက်ရောက် မကာကွယ်နိုင်ပါ။ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှုအတွက် အလေ့အကျင့်ကောင်းများ စီမံဆောင်ရွက်မှု မရှိသေးပါ။ အသိပညာဗဟုသုတများ လိုအပ်ပါသည်။

## ၉။ ကျား-မရေးရာ

ကျေးရွာတွင် အမျိုးသမီးများအား အမျိုးသားများနည်းတူ တန်းတူ အခွင့်အရေး ပေးထားသော်လည်း အမျိုးသမီးများသည် ဓလေ့ထုံးတမ်းအစဉ်အလာများအရ အိမ်မှုကိစ္စများဖြင့်သာ အချိန်ကုန်တတ်ကြပါသည်။ သို့သော် ကျေးရွာရှိအုပ်ချုပ်မှုဆိုင်ရာများတွင် မပါဝင်ကြသော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင်း အမျိုးသမီး အကြမ်းဖက်မှုဆိုင်ရာ တိုင်ကြားမှုများ မရှိပါ။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှု ဆိုင်ရာများအတွက် ကျေးရွာသူ/ သားများမှ မသိရှိပါ။ အသိပညာ ဗဟုသုတ နည်းပါးပါ သည်။ အမျိုးသမီးဘဝ လုံခြုံစိတ်ချရမှု အပြည့်အဝရှိပါသည်။

လုပ်အားခများ အနေဖြင့် လယ်ယာစိုက်ပျိုးရေး လုပ်ငန်း နေ့စားခများမှာ အမျိုးသားနှင့် အမျိုးသမီး တန်းတူ ဖြစ်ပါသည်။

ပညာသင်ကြားမှုတွင် ရှေးယခင်က အမျိုးသမီးများ မူလတန်းပညာဖြင့် ကျောင်းထွက်မှုများပြီး ယခုအခါ အမျိုးသား၊အမျိုးသမီးမခွဲခြားဘဲပညာရေးကိုအားပေးကြပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာ၏ ဦးစားပေးဆောင်ရွက်မည့် စီမံချက်များကို ကျေးရွာတွင် ရှာဖွေတွေ့ရှိချက်များ၊ လိုအပ်ချက်များကို အခြေခံ၍ ကျေးရွာလူထု ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ကျေးရွာ၏ ဦးစားပေးဆောင်ရွက်ရမည့် စီမံကိန်းလုပ်ငန်းများသည် ဆိုးဝါးသော သဘာဝဘေးအန္တရာယ် ကျရောက်မှုမှ လွဲ၍ပြောင်းလဲခြင်း မရှိနိုင်ပေ။ သို့သော် ဒေသတွင်း ဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များအရ အရေးကြီးပြုပြင်ပြောင်းလဲသင့်သောအရာများတွင် ထပ်တိုး စီမံကိန်းများ ထပ်မံထည့်ဝင်သွားမည် ဖြစ်ပါသည်။ ဦးစားပေးဆောင်ရွက်မည့် စီမံချက်များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

သာစည်မြို့နယ်၊ ငှက်မင်းကုန်း ကျေးရွာအုပ်စု၊ ငှက်မင်းကုန်း ကျေးရွာ၏ ဦးစားပေးဆောင်ရွက်မည့်စီမံချက်များ

| စဉ် | စီမံချက်အမည် | ဦးစားပေးအဆင့် | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ |
|---|---|---|---|---|---|---|---|
| ၁ | သောက်သုံးရေ လုံလောက်စွာ ရရှိရေးအတွက် ရေပေးရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း | ၁ | Â | | | | |
| ၂ | စိုက်ပျိုးရေအတွက် ဆည်ဘောင်နှင့် ရေဝင်မြောင်း ပြန်လည် ပြုပြင်ခြင်းလုပ်ငန်း | ၂ | | Â | | | |
| ၃ | စိုက်ပျိုးရေကန် တိမ်ကောမှုအား ပြုပြင်တူးဖော်ခြင်း | ၃ | | | Â | | |
| ၄ | ကျေးလက်ဆေးပေးခန်း တည်ထောင်ခြင်း | ၄ | | | Â | | |
| ၅ | ကျေးရွာ ရွာလယ်လမ်းမပေါ်ရှိ ရွာအဝင်တံတားနှင့် ဘုရားဘက်သို့ သွားသော တံတားများအား တည်ဆောက်ခြင်း | ၅ | | | | Â | |
| ၆ | စိုက်ပျိုးရေးအတွက် သီးနှံမျိုးကောင်း မျိုးသန့်များ ရရှိရန် ဆောင်ရွက်ခြင်း | ၆ | | | | Â | |
| ၇ | ကွင်းအမှတ် (၁၈၄၉) သို့ သွားသော ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း | ၇ | | | Â | | |
| ၈ | ကျေးရွာတွင်း ရေနုတ်မြောင်းများ တူးဖော်ခြင်းနှင့် ရေပြွန်များ တပ်ဆင်ခြင်း | ၈ | | | | | Â |
| ၉ | ကျေးရွာ အားကစားကွင်း မြေနေရာ ဝယ်ယူခြင်း | ၉ | | | | | Â |

နောက်ဆက်တွဲ (၁)

## သာစည်မြို့နယ်၊ ငှက်မင်းကုန်း ကျေးရွာအုပ်စု၊ ငှက်မင်းကုန်း ကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးကျော်လွင် | ဦးလှထွန်း | ၉/ သစန (နိုင်) ၁၁၇၁၆၅ | ၃၉ | ဥက္ကဌ | ၀၉ – ၂၅၆၂၉၇၄၉၃ |
| ၂ | ဦးညွန့်ဝင်း | ဦးတင်အောင် | ၉/ သစန (နိုင်) ၀၂၆၁၆၅ | ၅၃ | အတွင်းရေးမှူး | ၀၉ – ၉၆၇၉၇၂၇၂၅ |
| ၃ | ဒေါ်ခင်ဌေး | ဦးထွန်းကြိုင် | ၉/ မထလ (နိုင်) ၀၆၀၇၄၉ | ၄၉ | ဘဏ္ဍာရေးမှူး | ၀၉ – ၄၀၂၇၂၀၁၈၈ |
| ၄ | ဒေါ်ကြည်အေးဆွေ | ဦးမောင်ပု | ၉/ သစန (နိုင်) ၁၈၅၉၀၁ | ၂၀ | စာရင်းကိုင် | ၀၉ – ၉၅၆၂၉၉၅၅ |
| ၅ | ဦးချစ်ပို | ဦးမောင် | ၉/ သစန (နိုင်) ၀၃၇၀၉၆ | ၆၈ | သော့ကိုင် | – |
| ၆ | ဦးလှမြင့် | ဦးအုန်းကြိုင် | ၉/ သစန (နိုင်) ၀၃၆၈၉၇ | ၅၅ | အဖွဲ့ဝင် | ၀၉ – ၈၉၉၂၁၃၉၅၀ |
| ၇ | ဒေါ်စန်းစန်းအေး | ဦးသိန်းလွင် | ၉/ သစန (နိုင်) ၀၉၂၇၁၆ | ၃၉ | အဖွဲ့ဝင် | ၀၉ – ၇၈၇၆၂၄၃၄၀ |
| ၈ | ဒေါ်သင်းနွယ်ဦး | ဦးမောင်ဝင်း | ၉/ သစန (နိုင်) ၁၂၈၁၆၅ | ၃၄ | အဖွဲ့ဝင် | – |
| ၉ | ဒေါ်ခင်ဆွေလှိုင် | ဦးခင်မောင်မြင့် | ၉/ သစန (နိုင်) ၁၅၅၇၀၄ | ၂၈ | အဖွဲ့ဝင် | – |

နောက်ဆက်တွဲ (၂)

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၅ | ၂ | ၇ |
| ၁ နှစ်မှ ၄ နှစ် | ၅နှစ်အောက်ကလေးငယ် | ၁၀ | ၁၆ | ၂၆ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၂၁ | ၂၆ | ၄၇ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၃ | ၁၇ | ၃၀ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၈၉ | ၂၁၅ | ၄၀၄ |
| ၆၅ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၆ | ၉ | ၁၅ |
| **စုစုပေါင်း** | | ၂၄၄ | ၂၈၅ | ၅၂၉ |
| **စုစုပေါင်း အိမ်ထောင်စု** | | ၁၀၉ | | |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့်အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့် ၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် နို့စို့အရွယ် ၁.၃%၊ ၅နှစ်အောက် ကလေးငယ် ၄.၉%၊ မူလတန်းကျောင်းသား အရွယ် ၈.၈%၊ အလယ်တန်းကျောင်းသားအရွယ် ၅.၆%၊ အထက်တန်း ကျောင်းသားအရွယ် ၇၆.၃%၊ အလုပ်လုပ်နိုင် သည့် အရွယ် ၇၆.၃% သက်ကြီးရွယ်ကြီး၂.၈% ရှိပါသည်။ သက်ကြီးရွယ်ကြီး သည် ကျေးရွာလူဦးရေ၏ ၂.၈% သာရှိ သည်ကို တွေ့ရ၍ အသက်ရှည်စွာ နေထိုင်ရသူ နည်းပါးပါသည်။ တစ်အိမ်ထောင်ပျမ်းမျှလူဦးရေ ၄.၈ ဦး ဖြစ်ပါသည်။

(ခ)အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာ ဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅၅ | ၀ | ၀ | မြင့် ☐ လတ်☑ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့်☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၆၀ | မြင့် ☑လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅၈ | ၀ | ၀ | မြင့် ☐လတ် ☑နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၇ | ပညာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | စုစုပေါင်း | | | | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ ငှက်မင်းကုန်းကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းနှင့် အုတ်တင်အုတ်ချ ပန်းရံလက်သမားလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြပါသည်။ သာစည်မြို့နယ်၊ ဇဝင်း၊ မြိုင်သာကျေးရွာတို့မှ ထွက်ရှိသော သာစည်မြို့နှင့် အနီးတဝိုက်ကျေးရွာ၊ မြို့များရှိဆောက်လုပ်ရေးလုပ်ငန်းခွင်များသို့ အုတ်ကားဖြင့် သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းအား လုပ်ကိုင်ကြပါသည်။ ကိုယ်ပိုင်လုပ်ကိုင်သူနှင့် အလုပ်သမားအဖြစ် လုပ်ကိုင်သူများရှိပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၃ | ငါးလုပ်ငန်း(ရေချို/ရေငန်ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၆ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၈၀၀၀ | ၀ | ၇၀၀၀ | ၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | ၀ | ၀ | ၀ | ၀ |

**ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၏ နေ့စားလုပ်အားခမှာ ကျား/ မ တန်းတူရရှိပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| လယ်မြေ | ၃၂၃.၂၅ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၁၇၉.၀၀ | ကောင်း ☐ သင့်☐ ညံ့ ☑ |
| ဥယျာဉ်ခြံမြေ | ၀.၀၀ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ကိုင်း/ ကျွန်းမြေ | ၀.၀၀ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | ၀.၀၀ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | ၀.၀၀ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | ၀.၀၀ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | ၅၀၂.၂၅ | ☒ |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်း အမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့်မြေများကိုဆိုသည်။**

လေ့လာတွေ့ရှိချက်။ ။ ငှက်မင်းကုန်းကျေးရွာတောင်သူများသည် ယာမြေထက် လယ်မြေ ပိုများပါသည်။ လယ်မြေ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ယာမြေများမှာ မြေဆီလွှာ အရည်အသွေး မကောင်းပါ။ သာစည် မင်းလှကန်ရေအား အဓိကထားမှီခို စိုက်ပျိုးလုပ်ကိုင်သော ဆည်ရေသောက် ဧကများ ဖြစ်ပါသည်။

**(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☐ နည်း ☐ မရှိ☑ | လွယ် ☐ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့် ☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | ☒ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ ငှက်မင်းကုန်းကျေးရွာအနီးတစ်ဝိုက်တွင် ဓါတ်သတ္တုတွင်းထွက်ပစ္စည်းများ ထွက်ရှိမှု မရှိပါ။ အပူပိုင်းမိုးနည်းဒေသဖြစ်၍ အရိပ်ရ အပင်များ ဖြစ်သော မန်ကျည်း၊ ကုက္ကို၊ ထနောင်း၊ တမာ၊ ဆူးဖြူ၊ ကန္တာရဆူးပင်များ ပေါက်ရောက်ပါသည်။ သဘာဝတိရစ္ဆာန်များအနေဖြင့် စာကလေး၊ ကျီးကန်း၊ ဆက်ရက်၊ ခို စသည့် ငှက်အမျိုးမျိုးနှင့် ဖျိုင်း၊ တောက်တဲ့၊ မြွေစသည်တို့အားတွေ့ရှိရပါသည်။

**(ဃ)ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး | စီးပွား (ဝင်ငွေ) | စီးပွား (ဝင်ငွေ) | စီးပွား (ဝင်ငွေ) | စီးပွား (ဝင်ငွေ) |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| လုပ်ငန်း | အလွန်ကောင်း | အသင့်အတင့် | နည်း | အလွန်နည်း |
| အိမ်ထောင်စု | ၁၅ | ၅၆ | ၂၈ | ၁၀ |

**ရင်းမြစ်... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။ ၄က်မင်းကုန်းကျေးရွာ၏ ဥစ္စာဓနအဆင့်ကို ဆန်းစစ်ရာ အဆင်ပြေသော အိမ်ထောင်စု ၁၃.၇%၊ အလယ်အလတ်ရှိသော အိမ်ထောင်စု ၅၁.၃%၊ မပြေလည်သော အိမ်ထောင်စု ၂၅.၆%နှင့် အလွန်မပြေလည်သော အိမ်ထောင်စု ၉.၁% ရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းနှင့် အုတ်တင်အုတ်ချ လုပ်ငန်းအား တွဲဖက်လုပ်ကိုင်ကြသောကြောင့် စီပွားရေးအသင့်အတင့် အဆင်ပြေကြပြီး ဆင်းရဲ ချမ်းသာမျှတပါသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာ ဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃လအောက် ဝမ်းစာဖူလုံမှု | ၀ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |
| ၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု | ၀ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |
| ၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု | ၁၁ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| | | အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၁၁ |

**ရင်းမြစ်..ဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

လေ့လာတွေ့ရှိချက်။ ။ အိမ်ထောင်စု အဆင့် (၃) နှင့် (၄) ၏ ၃၀% ကို စစ်တမ်းကောက်ယူရာ ဝမ်းစာဖူလုံမှုအတွက် လုပ်အားခ ကြိုယူခြင်းနှင့် သီးနှံအစားထိုးပေးခြင်းဖြင့် ဖြေရှင်းကြပါသည်။

(င-၂)  ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက် | ၀ | ၀ | ၀ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | ၀ | ၀ | ၀ |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ၀ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | ၀ | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | ၀ | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ မရှိပါ။

(င-၃)  ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ) | ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) | | | |
|---|---|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☐ |
| ၂ | သဘာဝရင်းမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ) | မြင့် ☐ | လတ် ☐ | နိမ့် ☑ | မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ | လတ် ☑ | နိမ့် ☐ | မရှိ ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☐ |
| ၇ | ငလျင် | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☐ |
